# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၄၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်**

**(၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မှုကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၇၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၅၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၂ ရက်၊

(၂) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၉ ရက်၊

(၃) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၂ ရက်၊

(၄) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊

(၅) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၂ ရက်၊

(၆) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန် ခွင့် ၁ ရက်၊

(၇) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၁ ရက်၊

(၈) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၂ ရက်၊

(၉) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၁ ရက်၊

(၁၀) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၂ ရက်၊

(၁၁) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၁ ရက်၊

(၁၂) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၂ ရက်၊

(၁၃) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၁၄) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် ခွင့် ၂ ရက်နှင့်

(၁၅) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဒဂုံမြို့နယ်၊ ပြည်လမ်းအနောက်ရပ်ကွက်၊ ပြည်ထောင်စုရိပ်သာလမ်း၊ အမှတ် ၆၁(က)၊ အောက်ထပ် အခန်းရှိ ငှားရမ်းထားသောအခန်းအား မူရင်းပိုင်ရှင်ထံ ပြန်လည်ပေးအပ်နိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနန္ဒကျော်စွာ(ဒဂုံမဲဆန္ဒနယ်)**။ ။ ကြည်ညိုရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်၊ ဒဂုံမြို့နယ် ပြည်လမ်းအနောက်ရပ်ကွက်၊ ပြည်ထောင်စုရိပ်သာလမ်း၊ အမှတ် ၆၁(က)မှာ ဦးစိုးလွင်၊ ဒေါ်ခင်မြင့်ပိုင်ဆိုင်ပြီး အိမ်အောက်ထပ်ကို ဒေါ်စီစီဆိုသူအား ၁၉၅၆ ခုနှစ်မှစ၍ ကလေးများကို ကစားနည်းဖြင့်ပညာသင်ကျောင်းဖွင့်ရန် ငှားရမ်းခဲ့ပါတယ်။ ၁၉၆၆ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းလုပ်ငန်းများကို ပြည်သူပိုင်သိမ်းသောအခါ ကျောင်းဖွင့်သူဒေါ်စီစီအနေနဲ့ ဆုံးရှုံးမှုမရှိဘဲ အိမ်ရှင်များအတွက်တော့ ဆုံးရှုံးခဲ့ရပါတယ်။ မြန်မာနိုင်ငံပြန်တမ်းပါအမိန့်ကြော်ငြာစာအမှတ်(၉) အပိုင်း(၁) အပိုဒ် ၃ ပါ ဖော်ပြချက်အရ ကိုယ်ပိုင်ကျောင်းနှင့်သက်ဆိုင်တဲ့ ရပိုင်ခွင့်အားလုံးအပိုင်ပစ္စည်းကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏လက်ဝယ်သို့ ရောက်ရှိစေရမည်ဟု ပါရှိသော်လည်း ယခုကျောင်းဖွင့်ခဲ့သောမြေနှင့် အဆောက်အဦမှာ ကိုယ်ပိုင်ကျောင်းအပိုင်ပစ္စည်းမဟုတ်တဲ့အတွက် ပြည်ထောင်စုအစိုးရအား လွှဲပြောင်းပေးရာမှာပါဝင်ခဲ့ခြင်းမရှိဘဲ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ သတ်မှတ်စံ ငှားရမ်းခနှုန်းအတိုင်း ပညာရေးဝန်ကြီးဌာနက ငှားရမ်းခများပေးပြီး မူလတန်းကျောင်းကို ဆက်လက်ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၈၅ ခုနှစ်နောက်ပိုင်း ပညာရေးဝန်ကြီးဌာနက ကျောင်းခန်းငှားရမ်းခများမပေးချေတော့ပါ။ ဦးစိုးလွင်၊ ဒေါ်ခင်မြင့်တို့သည် ၁၉၆၉၊ ၁၉၈၅၊ ၁၉၉၄၊ ၂၀၀၄ ခုနှစ်တို့တွင် အဆိုပါအိမ်အောက်ထပ်အခန်းများကို ပြန်လည်ရရှိဖို့အတွက် လျှောက်ထားတောင်းခံခဲ့ပါတယ်။ ဦးစိုးလွင်၊ ဒေါ်ခင်မြင့်တို့ မိဘနှစ်ပါးကွယ်လွန်ပြီး အမွေခံသားအရင်းများဖြစ်တဲ့ ဦးစိုးမြင့်ဝင်းနှင့် ဦးစိုးမြင့်အောင်တို့ အမည်ပေါက်အမွေ ရရှိခဲ့ပြီးနောက် ညီအစ်ကိုနှစ်ဦးကလည်း ၂၀၁၁၊ ၂၀၁၃၊

**မူကြမ်း**

၂၀၁၄ ခုနှစ်တို့မှာ အကြိမ်ကြိမ်ထပ်မံ လျှောက်ထားတောင်းခံခဲ့ပါတယ်။ ၁၉၈၅ ခုနှစ်၊ ဇွန်လ ၇ ရက် နေ့စွဲပါစာအမှတ်၊ ၃၀၅/အမက(၁၁)-၈၅ ဖြင့် မြို့နယ်ပညာရေးမှူး ဒေါ်မြခင်က အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့လိပ်မူပြီး အဆိုပါအိမ်ကို သိမ်းယူမှုမပြုဘဲ ကျောင်းကိုဆက်လက် ဖွင့်လှစ်ခဲ့ကြောင်း၊ နေရာထိုင်ခင်းကျဉ်းကျပ်ကြောင်း၊ စာသင်ခန်းလုံလောက်မှုမရှိ၊ ကျောင်းအုပ်ကြီး ရုံးခန်းမရှိ၊ ဆရာများနားနေခန်းပင်မရှိကြောင်း၊ ကစားကွင်းလည်းမရှိ၊ အိမ်သာလည်းလုံလောက်မှု မရှိကြောင်း၊ ယခုကျောင်းနှင့်ကိုက် ၂၀၀ ခန့်သာဝေးသော အ-ထ-က(၃)ဒဂုံသို့ ကျောင်းသားများ လွှဲပြောင်းပေးက လက်ခံနိုင်ကြောင်းတင်ပြခဲ့သလို မြို့နယ်ပြည်သူ့ကောင်စီရဲ့မှတ်ချက်မှာလည်း ပညာရေးစနစ်အရ ရှိသင့်သည့်ကျောင်းအင်္ဂါရပ်များနှင့် ပြည့်စုံမှုမရှိကြောင်း အ-ထ-က(၃)ဒဂုံသို့ ကျောင်းပြောင်းပူးပေါင်းပါက ငြင်းပယ်ရန်၊ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံခဲ့ပေးမယ့် ပညာရေး ဝန်ကြီးဌာနက ပြန်လည်ပေးအပ်ခဲ့ခြင်းမရှိပါဘူး။

တစ်ဖန် ၂၀၁၄ ခုနှစ်မှာ မြို့နယ်အုပ်ချုပ်ရေးမှူးကလည်း အဆိုပါမြေနှင့်အဆောက်အဦအား မူလပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်သင့်ကြောင်း အကြံပြုသုံးသပ်တင်ပြခဲ့သော်လည်း ပညာရေး ဝန်ကြီးဌာနက ပြန်လည်ပေးအပ်ခဲ့ခြင်းမရှိတဲ့အတွက် အသက် ၅၀ ကျော်ပြီဖြစ်တဲ့ ညီအစ်ကိုနှစ်ဦး ယနေ့ထက်တိုင် အမွေခွဲဝေနိုင်ခဲ့ခြင်းမရှိပါဘူး။ ယနေ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကူးပြောင်းနေ တဲ့အစိုးရလက်ထက် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရတဲ့ ပြည်သူများကို တရားမျှတစွာ ပြန်လည်ပေးအပ်နေတဲ့အချိန်မှာ ရန်ကုန်မြို့တော်ကြီးမှာ ရာစုနှစ်တစ်ဝက် နှစ် ၅၀ မျှ အစိုးရအဆက် ဆက်အတွက် အနစ်နာခံကာ နိုင်ငံတော်ရဲ့ပညာရေးဆိုင်ရာ အထောက်အကူပြုခဲ့ပြီးဖြစ်တဲ့အတွက် ပြည်သူများအပေါ် စာနာထောက်ထားသောအားဖြင့် မူလပိုင်ရှင်များအား မည်သည့်အချိန်အခါတွင် ပြည်လည်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် မပေးနိုင်ပါက မည်သည့်အတွက်ကြောင့်ဆိုသည်ကို သိရှိ လိုပါကြောင်း ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် မျှော်လင့်အားကိုးတကြီးနဲ့ မေးမြန်းရပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်

၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်းက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနန္ဒကျော်စွာရဲ့မေးခွန်းနဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ၁၉၆၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးအစိုးရအဖွဲ့ရုံးမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ် ပြည်လမ်းအနောက်ရပ်ကွက်၊ ပြည်ထောင်စုရိပ်သာလမ်း၊ အမှတ် (၆၁-က) အောက်ထပ်ကို ပြည်သူပိုင် သိမ်းဆည်းခဲ့ပြီး ၂၃-၄-၁၉၆၆ ခုနှစ်ကတည်းက အမှတ်(၁၁)ဒဂုံအခြေခံပညာမူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ၃၀-၁၁-၂၀၀၄ ရက်နေ့ ရက်စွဲဖြင့် ပြန်လည်ရရှိလိုကြောင်း လျှောက်ထားခဲ့ သော်လည်း ပြည်သူပိုင်သိမ်းဆည်းထားသည့် ပညာရေးဝန်ကြီးဌာနပိုင်ဖြစ်၍ ပြန်လည်လွှဲပြောင်း ပေးနိုင်လိုခြင်းမရှိပါ။ ယခုအချိန်အထိ ဆရာဆရာမ ၅ ဦးနှင့်ကျောင်းသူကျောင်းသား ၃၀ ဦးတို့အား ပညာသင်ကြားပေးနေလျက်ရှိပါတယ်။ အဆိုပါစာသင်ကျောင်းသည် ပြည်သူပိုင်သိမ်းစာသင်ကျောင်း အဖြစ်တည်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူပိုင်သိမ်းကျောင်းပေါင်း ၁၄၅ ကျောင်းရှိပါကြောင်းနှင့် ၎င်းကျောင်းအားလုံးကို ထည့်သွင်းစဉ်းစားသွားရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိ စာသင်ကျောင်းအဖြစ် အသုံးပြုနေသည့် အမှတ်(၁၁) ဒဂုံအခြေခံပညာမူတန်းကျောင်းအား မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်နိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဦးနန္ဒကျော်စွာ(ဒဂုံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ အရ ဆက်စပ်မေးခွန်းများ မေးခွင့်ပြုပါခင်ဗျား။ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းဖြစ်ရန် အတွက် ပညာရေးဝန်ကြီးဌာနက စံသတ်မှတ်ချက်များရှိတယ်လို့ ကျွန်တော်တို့ နားလည်ထားပါတယ်။ ဒါကြောင့်မို့ ကျောင်းသားအရေအတွက် ဘယ်လောက်ရှိရင် မူလတန်းကျောင်းတစ်ကျောင်းဖြစ်ဖို့လိုပါ သလဲ။ ဒါကြောင့်မို့လို့ လက်ရှိကျောင်းသာဦးရေဟာ သတ်မှတ်ချက်နဲ့ ပြည့်စုံညီညွတ်မှုရှိသလား ဆိုတာ နံပါတ်(၁)သိချင်ပါတယ်။ မူလတန်းကျောင်းတစ်ကျောင်းဖြစ်ဖို့အတွက် အကျယ်အဝန်းဧက ဘယ်လောက်ရှိရမလဲဆိုတာ သတ်မှတ်ထားရှိခြင်းရှိပါတယ်။ ယခုလက်ရှိရှိနေတဲ့ ကျောင်းရဲ့ ၀.၂၆ ဧကဟာ မူလတန်းကျောင်းတစ်ကျောင်းဖြစ်ဖို့အတွက် စံသတ်မှတ်ချက်နဲ့ဥပဒေနဲ့ ညီညွတ်မှုရှိ/မရှိ

ရှိပါသလားလို့ သိချင်ပါတယ်။ နောက်တစ်ခါ ကျောင်းသားယခင်ကသိတာ ၂၄ ယောက် အခု ၃၀ ဆိုတော့ ကျောင်းအုပ်ကြီးအပါအဝင် ဆရာငါးယောက်နဲ့ ကျောင်းသားအချိုးဟာ ကျောင်းဆရာတစ်ယောက်ကို ကျောင်းသား ၆ ဦးပဲရှိပါတယ်။ တခြားကျောင်းများယှဉ်မယ်ဆိုရင် ကျွန်တော်တို့ ပြင်ပကျူရှင်ဝိုင်းတစ်ဝိုင်းစာတောင်မရှိတဲ့အတွက် အဲဒီဟာလည်းပဲ သေချာပြောရင် ဆရာနဲ့ ကျောင်းသားရဲ့အချိုးမျှတမှုရှိ/မရှိသိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ကျွန်တော်တို့ ကျောင်းသား ၃၀ ဦးထက် ကျော်လို့ရှိရင်တော့ အ.မ.က(ခွဲ) အဖြစ်ပေးပါတယ်။ ၅၅ ယောက်ဆိုရင်တော့ မူလတန်းကျောင်းအဖြစ် ကျွန်တော်တို့သတ်မှတ်ပေးပါတယ်။ ကျောင်းရဲ့ဇရိယာသတ်မှတ်ချက်စံတွေဘာတွေကတော့ နယ်မှာတော့အကုန်ရှိပြီးတော့ ရန်ကုန်မှာတော့စံမရှိပါဘူး။ တချို့ကျောင်းတွေသည် ပြည်သူပိုင်သိမ်းကျောင်းဖြစ်တဲ့အတွက် အားကစားကွင်းလည်းမရှိပါဘူး။ အဲဒီတော့ ရန်ကုန်နဲ့နယ်နဲ့ မတူပါဘူးခင်ဗျား။ ဒီကိစ္စဟာလည်း ကျွန်တော်တို့အနေနဲ့စဉ်းစားပြီးတော့ ဒီပိုင်ရှင်လည်းသုံးလို့မရပါဘူး။ ပညာရေးဝန်ကြီးဌာနကလည်း ခွဲလို့မရပါဘူး။ ဒါပေမယ့် ကျွန်တော်တင်ပြတဲ့အတိုင်း ကျောင်းပေါင်း ၁၄၅ ကျောင်းရှိပါတယ်။ ကျွန်တော်တို့ တစ်ကျောင်းချင်းစဉ်းစားလို့မရပါဘူး။ ၁၄၅ ကျောင်းကို ကျွန်တော်တို့ ဘယ်လိုလုပ်နိုင်မလဲ။ ဒါတွေကိုအကုန်လုံးစဉ်းစားပြီးမှသာ ကျွန်တော်တို့ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။စဉ်းစားတဲ့နေရာမှာ အခြေအနေအချိန်အခါအကျိုးသက်ရောက်မှုကိုလည်း ကြည့်ဖို့လိုပါတယ်။ ခုနက တင်ပြသွားသလို မူလကျောင်းသား ၂၀ ဦး၊ အခု ကျောင်းသား ၃၀ ဦး ဖြစ်လာပြီ။ ဆရာကငါးယောက်ဖြစ်တဲ့အတွက် တခြားနေရာတွေမှာ ဆရာလိုနေတယ်။ ဒီမှာကျတဲ့အခါကျတော့ ဆရာတွေကအများကြီး။ အကယ်လို့များ ဒီကျောင်းမရှိခဲ့ဘူးဆိုရင် ဒီကျောင်းမှာတက်နေတဲ့ကလေးတွေ အနီးဆုံးဘယ်ကျောင်းကိုတက်နိုင်မလဲဆိုတဲ့ ဒီလိုအကျုံးဝင်တဲ့အချက်တွေပါ စဉ်းစားပြီးတော့ တာဝန်ရှိတဲ့လူတွေက ဆောင်ရွက်ပေးမယ်ဆိုရင် ပို၍ပို၍အကျိုးထူးနိုင်တဲ့အတွက် ဒါကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ဖို့လိုပါတယ်။ ကိစ္စတိုင်းမှာ ဇလုပ်တိုက်စဉ်းစားလို့ မရတာလည်းရှိနိုင်ပါတယ်။ ထိုနည်းတူစွာပဲ ချွင်းချက်ဆိုတဲ့ဟာလည်း စဉ်းစားရမှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ အခြေအနေအရပ်ရပ်ကိုသုံးသပ်ပြီး အချိန်အခါအခြေအနေအရ ဆောင်ရွက်မှသာ ဒီနေ့ပြောနေတဲ့ ပြုပြင်ပြောင်းလဲရေးဆိုတာ အောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့်

တင်ပြချက်အပေါ် ဆွေးနွေးပေးတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးဆိုတာလည်း အမွေဆက်ခံပြီးတော့ ပြောဆိုဆွေးနွေးရတဲ့အတွက် ဒါလည်းသက်ဆိုင်ရာတင်ပြသူက နားလည်ပေးဖို့လိုပါတယ်။ ဒီကိစ္စသည် ခုနကပြောသလိုပဲမူအရ ဆောင်ရွက်တဲ့ကိစ္စတစ်ခုဖြစ်တယ်။ သို့ရာတွင် ကျွန်တော့်ဘက်က ဖြည့်စွက်ပေးတာ။ မူအရဆောင်ရွက်ပါ။ သို့ရာတွင် တိကျတဲ့အခြေအနေပေါ်မူတည်ပြီးတော့ ဆုံးဖြတ်ဆောင်ရွက်သွားမယ်ဆို ပိုပြီးတော့ မှန်ကန်မျှတနိုင်တယ်ဆိုတာကို အကြံပြုဆွေးနွေးခြင်းဖြစ်ပါတယ်။

**တရားရုံးများသည် လန/၃၉ တင်ပြနိုင်ခြင်းမရှိဘဲ နှင်လိုမှုအဖြစ် တရားစွဲဆိုသော အမှုမျိုးကို လယ်သမားများ နစ်နာမှုမရှိစေရန် မည်သို့ဆောင်ရွက်ပေးနိုင်မည်နည်းနှင့် ပြစ်မှုပုဒ်မ ၄၄၇ ဖြင့် တရားစွဲဆိုမှုများကြောင့် လယ်သမားများမှာ ထောင်ထဲသို့ရောက်ပြီး လူမှုဒုက္ခအဝဝ ခံစားနေရမှုများကို မည်ကဲ့သို့ ကုစားပေးနိုင်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပုဇွန်တောင်မဲဆန္ဒနယ်မြေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် မေးမြန်းလိုသောမေးခွန်းကတော့ ဥပဒေအရ ရပိုင်ခွင့်များ ရရှိခံစားခွင့်မရှိဘဲ ပေးကားပေး၏မရဘဲ လူမှုဒုက္ခအဝဝ ပင်လယ်ဝေနေရတဲ့ တောင်သူလယ်သမားများကိုယ်စားမေးမြန်းရခြင်း ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၁၃ အရ ဦးစီးဌာနတွင် မှတ်ပုံတင်ပြီးမှသာ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုများကို ဖြေရှင်းပေးရမည်ဟု ပါရှိပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားနေလျှင် ဦးစီးဌာနမှ မှတ်ပုံတင်ပေးရန် အငြင်းပွားမှုအကြောင်းပြု၍ လယ်ယာမြေမှတ်ပုံတင်ထုတ်ပေးခြင်းလည်းမရှိပါဘူး။ ထို့အပြင် လယ်ယာမြေပုံစံ (၇) ထုတ်ပေးပြီး လက်ဝယ်ရှိသူကိုနှင်ထုတ်၍ အခြားတစ်ဦးအား လုပ်ကိုင်စေခြင်းများလည်း ရှိနေပါတယ်။ ဥပဒေအရ လုပ်ပိုင်ခွင့်ပေးထားသော်လည်း လုပ်ကိုင်ခွင့်မရဘဲ ပေးကားပေး၏မရဖြစ်နေသည်များ တွေ့ရှိနေရပါတယ်။ ထိုဖြစ်စဉ်များသည် လယ်ယာမြေလုံခြုံမှု အာမခံချက်မရှိဘဲ အားနည်းလျက်ရှိသည်ကို တွေ့ရပါတယ်။ ထို့အပြင် လယ်ယာမြေများအား အခြားနည်းသုံးစွဲခွင့် ယခင် လန/၃၉ ရှိသောမြေအဖြစ် ပြောင်းလဲသတ်မှတ်ပြီးမှသာ တင်ဒါရုံးများမှ ယင်းအမှုကို စီရင်စစ်ဆေးပိုင်ခွင့်ရှိသည်ဟုလည်းလေ့လာသိရှိရပါတယ်။ ဤသို့ ဥပဒေသတ်မှတ်ချက်ရှိသော်လည်း တရားရုံးများတွင် လန/၃၉ တင်ပြခြင်းမရှိဘဲ ငြင်းလိုမှုအဖြစ် တရားမမှုခင်းများ တရားဆိုနေကြောင်းကိုလည်း တွေ့ရှိနေရပါ

တယ်။ ယင်းကဲ့သို့ တရားမမှုခင်းလယ်ယာမြေကို ငြင်းလို့မှုစွဲဆိုသောအမှုမျိုး အဆိုပါအမိန့်ကို တင်ပြခြင်းမရှိဘဲ တရားစွဲဆိုမှုများ မည်မျှရှိနေသည်ကိုလည်း သိရှိလိုပါတယ်။ ယင်းကဲ့သို့ တရားစွဲဆိုနေသောအမှုများကို မိဘတောင်သူလယ်သမားများ နစ်နာမှုမရှိစေရန် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကိုလည်း သိလိုပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ လယ်ယာမြေများကို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ ဦးတိုက်လျှောက်ထား၍ တရားစွဲဆိုရမည်ဟု ပြဋ္ဌာန်းထားသော်လည်း လယ်ယာမြေကော်မတီမဟုတ်ဘဲ သီးခြားပုဂ္ဂိုလ်ပြင်ပမှ တရားရုံးတွင် ကျော်နင်းမှု ပြစ်မှု ၄၄၇ ဖြင့် တရားစွဲဆိုမှုများ အမြောက်အမြားရှိနေပါတယ်။ သို့ပါ၍ ပုဂ္ဂလိက လယ်ယာမြေကျူးကျော်မှုအဖြစ် ပြစ်မှု ၄၄၇ ဖြင့် တရားစွဲဆိုအပြစ်ပေးမှုကြောင့် တောင်သူလယ်သမားများ လက်ရှိမှလက်မဲ့ဖြစ်ပြီး ထောင်ထဲသို့ရောက်ရှိပြီး လူမှုကိစ္စအဝဝ ခံစားနေရမှုကို မည်ကဲ့သို့ ကုစားပေးမည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိလိုကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် မေးမြန်းတဲ့မေးခွန်းမှာ လယ်ယာမြေမှတ်ပုံတင်တဲ့ကိစ္စကတော့ တရားရုံးနဲ့မဆိုင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဖြေကြားနိုင်ခြင်းမရှိပါဘူး။ တရားရုံးနဲ့ဆိုင်တဲ့ မေးခွန်းများကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် ပထမ မေးတဲ့မေးခွန်းကတော့ လယ်ယာမြေများကို အခြားနည်းသုံးစွဲနိုင်ခွင့် လန/၃၉ ရရှိတဲ့မြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးပြီးမှသာလျှင် ဒီတရားမတရားရုံးများက ယင်းအမှုကို စစ်ဆေးပိုင်ခွင့်ရှိတယ်လို့ သိရှိရတဲ့အကြောင်း၊ သို့သော်လည်း တရားရုံးများက လန/၃၉ တင်ပြနိုင်ခြင်းမရှိဘဲနဲ့ နှင်လို့မှု အဖြစ်

တရားရုံးများမှာ တရားမမှုခင်းများ စွဲဆိုနေတာကိုတွေ့ရကြောင်း၊ ဒီကိစ္စတွေကို တရားစွဲဆို ထားတဲ့အမှု မည်မျှရှိကြောင်း မေးမြန်းထားတဲ့မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးအောင်ဇင် မေးတဲ့ ပထမပိုင်းမေးခွန်းကတော့ လယ်ယာမြေများကို အခြားနည်းသုံးစွဲပိုင်ခွင့် လန/၃၉ သတ်မှတ်ပေးခြင်းဟာ ရုပ်သိမ်းခဲ့ပြီးဖြစ်တဲ့ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေနဲ့ သက်ဆိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေကတော့ ရုပ်သိမ်းပြီးဖြစ်ပါတယ်။ သို့သော်လည်း အဲဒီဥပဒေမှာ လယ်ယာမြေကို အခြားနည်းသုံးစွဲပိုင်ခွင့် လန/၃၉ ရရှိပြီးမှသာလျှင် ဒီလိုအမှုမျိုးကို တရားရုံးများမှာ စစ်ဆေးရမယ်လို့ အဲဒီဥပဒေမှာ ပြဋ္ဌာန်းထားခြင်းမရှိပါဘူး။ လန/၃၉ အမိန့်မရရှိသေးသော်လည်း တရားမရုံးများက စစ်ဆေးပိုင်ခွင့်ရှိတယ်ဆိုပြီးတော့ ဦးစံသင်း ပါ ၄ ဦးနှင့် ဒေါ်ဝင်းတင် ပါ ၁၇ ဦး အမှု (၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၃၄) မှာလည်း စီရင်ထုံးပြုပြီးဖြစ်ပါတယ်။ ထို့အပြင်လည်း မိမိလယ်ယာမြေအတွင်းမှာ ကျူးကျော်ဝင်ရောက်သူနေကို ဖယ်ရှားပေးဖို့ စွဲဆိုတဲ့အမှုကိုလည်း တရားရုံးများက စစ်ဆေးပိုင်ခွင့်ရှိကြောင်း ဒေါ်သိန်းဟန်နှင့် ဗိုလ်ကြီးမြင့်ဆွေ အမှု (၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားရုံးစီရင်ထုံး၊ စာမျက်နှာ ၇၃)မှာလည်း ညွှန်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့် လန/၃၉ တင်ပြနိုင်ခြင်းမရှိဘဲနဲ့ တရားရုံးများမှာ နှင်လိုမှုများကို စွဲဆိုပိုင်ခွင့်ရှိပါကြောင်း၊ ဒီလိုတရားစွဲဆိုခြင်းဟာ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေနဲ့လည်း ဆန့်ကျင်ခြင်းမရှိပါကြောင်း ပထမမေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကတော့ လယ်ယာမြေဥပဒေနဲ့ သက်ဆိုင်တဲ့မေးခွန်းဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေအရ လယ်ယာမြေများကို လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကနေပြီးတော့ ဒီဥပဒေပုဒ်မ ၁၉ အရ ဦးတိုက်လျှောက်ထားပြီး တရားစွဲဆိုရမယ်ဖြစ်သော်လည်းပဲ လယ်ယာမြေကော်မတီက မဟုတ်ဘဲ ပြင်ပလူကနေပြီးတော့ တရားရုံးမှာ ကျော်နင်းမှုအဖြစ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၄၇ အရ စွဲဆိုတဲ့အမှုတွေရှိနေကြောင်း၊ ဒီပုဒ်မအရ အပြစ်ပေးမှုများကြောင့် တောင်သူလယ်သမားများဟာ လက်ရှိအဖြစ်မှ လက်မဲ့ဖြစ်ပြီးတော့ ထောင်ထဲကိုရောက်ပြီး လူမှုဒုက္ခများခံစားနေရသည်ကို မည်ကဲ့သို့ ကုစားပေးနိုင်ကြောင်း သိလိုပါကြောင်း မေးမြန်းထားတဲ့ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၁၂ မှာ ပြဋ္ဌာန်းထားတာကတော့ လယ်ယာမြေလုပ်ပိုင် ခွင့်ရသူများ လိုက်နာရမယ့်စည်းကမ်းချက်များကို သတ်မှတ်ထားရှိပါတယ်။ အဲဒီစည်းကမ်းချက်များကို

လိုက်နာရန် ပျက်ကွက်ရင်တော့ ယင်းဥပဒေပုဒ်မ ၁၉ အရ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်ရတဲ့သူအပေါ်မှာ ယင်းပုဒ်မမှာ ပြဋ္ဌာန်းထားတဲ့အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်ပါတယ်။ အဲဒီပုဒ်မ ၁၉ အရ ချမှတ်တဲ့အမိန့်ကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လိုက်နာခြင်းမရှိလို့ရှိရင် အဆိုပါ အမိန့်သတ်မှတ်ရက်ကျော်လွန်တဲ့အခါမှာ တရားရုံးသို့ ဦးတိုက်လျှောက်ထားပြီးတော့ တရားစွဲဆိုနိုင်တယ်လို့ အဲဒီဥပဒေ ပုဒ်မ ၂၀ မှာ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပုဒ်မ ၂၀ အရ တရားစွဲဆိုခြင်းဟာ ယင်းပုဒ်မ ၁၉ အရ ချမှတ်တဲ့အမိန့်ကို လိုက်နာခြင်းမရှိတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအပေါ်မှာ တရားစွဲဆိုတဲ့အမှုဖြစ်ပါတယ်။ ပြင်ပလူကနေပြီးတော့ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၄၇ အရ တရားစွဲတဲ့အမှုကတော့ လယ်ယာမြေကို ကျူးကျော်နေတဲ့သူအပေါ်မှာ တရားစွဲခြင်းဖြစ်တဲ့အတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်ရသူအပေါ်မှာ ပုဒ်မ ၂၀ အရ တရားစွဲဆိုတဲ့ကိစ္စနဲ့ သီးခြားစီဖြစ်ပါကြောင်း၊ အမှုချင်းမတူပါကြောင်း ပထမဦးစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ ကတော့ လက်ရှိဖြစ်တဲ့သူကို အကာအကွယ်ပေးထားတဲ့ ပြဋ္ဌာန်းချက်တစ်ရပ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တောင်သူလယ်သမားများဟာ လက်ရှိအဖြစ်ကနေ လက်မဲ့ဖြစ်ကာ ထောင်ထဲကို ရောက်ရှိသွားတယ်ဆိုခြင်းမှာ မှန်ကန်မှုမရှိပါဘူး။ တောင်သူလယ်သမားများဟာ လယ်ယာမြေကို လက်ရှိဖြစ်တယ်ဆိုလို့ရှိရင် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၄၇ အရ ပြစ်မှုမြောက်ရန် အကြောင်းမရှိပါဘူး။ သို့သော်လည်းပဲ တောင်သူလယ်သမားက သူတစ်ပါးလက်ရှိဖြစ်တဲ့ လယ်ယာမြေအပေါ်မှာ ကျော်နင်းမယ်ဆိုရင်တော့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရ ပြစ်မှုမြောက်နိုင်ပါကြောင်း ဒါကြောင့်မို့လို့ ဒီလက်ရှိဖြစ်တယ်/မဖြစ်တယ်ဆိုတဲ့ဟာကတော့ တစ်မှုချင်းမှာပေါ်ပေါက်တဲ့ သက်သေခံအထောက်အထားများအပေါ်မှာပဲ ဆုံးဖြတ်ရမယ့်အမှုဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား တန်းပြည့်စစ်မှုထမ်းချိန်သတ်မှတ်ထားသည့် စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်ထမ်းဆောင်ချိန်တို့တွင် လစာနှင့်ညီမျှသော ထောက်ပံ့သောငွေ ချီးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွဋ်ဦး(နတ်တလင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ဦးဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအနေဖြင့် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရန် တပ်ဌာနချုပ်မှ စတင်ထွက်ခွာချိန်မှစတင်၍ သတ်မှတ်ထားသည့် စစ်ဆင်ရေးနယ်မြေများတွင် အစားအသောက်အနေအထိုင် ပင်ပန်းဆင်းရဲကြီးစွာဖြင့် စစ်ဆင်ရေးတာဝန်ပြီးဆုံး၍ တပ်ရင်းဌာနချုပ်သို့ ပြန်လည်ရောက်ရှိချိန်ထိ တန်းပြည့်စစ်မှုထမ်းချိန်အတွင်း တပ်မတော်၏စည်းမျဉ်းစည်းကမ်း၊ ဥပဒေများအတိုင်း အမိန့်နာခံမှုကိုအဓိကထားပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး၊ နယ်မြေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးအတွက် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းမှသည် တပ်တစ်ခုလုံးအသက်ကို ပဓာနမထားဘဲ တာဝန်ထမ်းဆောင်ခဲ့ကြရပါတယ်။ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရာတွင် နယ်မြေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးတို့အတွက် သတ်မှတ်နယ်မြေအတွင်းသွားလာလှုပ်ရှားရာ၌ နံနက်မိုးသောက်ချိန်မှ အလင်းရောင်ကွယ်ပျောက်ချိန်အထိ တစ်တောဝင်တစ်တောင်တက်ဖြင့် မနားမနေချီတက်ခြင်း၊ ညအိပ်အခြေပြုရန်နေရာရောက်ချိန်တွင်လည်း ပတ်ဝန်းကျင်လုံခြုံရေးဆောင်ရွက်ရခြင်း၊ ကင်းပုန်းဝပ်ခြင်း၊ တစ်ဖက်ရန်သူအခြေအနေပေါ်မူတည်၍ တချို့ရက်များတွင် ညအချိန်ချီတက်သွားလာရခြင်း၊ လိုက်လံရှင်းလင်းတိုက်ခိုက်ရခြင်း၊ ရန်သူနှင့်ထိတွေ့တိုက်ပွဲဖြစ်ပွားပါက အသက်နဲ့ရင်း၍ တိုက်ပွဲဝင်ရခြင်းစသည့် ဒုက္ခမျိုးစုံတို့ကိုလည်းခံစားခဲ့ကြရပါတယ်။ စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေရသော တပ်မတော်သားများအနေဖြင့် စစ်ဆင်ရေးနယ်မြေအတွင်းရောက်ရှိသည်နှင့် မမျှော်မှန်းနိုင်သောအခြေအနေအကြောင်းအမျိုးမျိုးကြောင့် အချိန်မရွေးအသက်ပေးရနိုင်ခြင်း၊ စနစ်ဗျူဟာနှင့် စစ်လက်နက်ပစ္စည်းများ မည်မျှပင်အသာစီးရစေကာမူ စစ်ဆင်ရေးမထွက်ရသော အခြားစစ်သည်များ ဌာနဆိုင်ရာဝန်ထမ်းများထက် အသက်ပေးရမှုရာခိုင်နှုန်း ပိုများပြားလျက်ရှိပါတယ်။ ဝေးလံခေါင်သီသောနယ်မြေရှိတပ်မတော်သားများ၏ မိသားစုများအတွက် ယူနစ်ရိက္ခာ

အား ၂၀၁၄ ခုနှစ်မှာစတင်ရရှိသည်ဟုလည်း သိရပါတယ်။ ဒါ့အပြင် ဝေးလံခေါင်သီသောနယ်မြေရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက်လည်း နိုင်ငံတော်မှချီးမြှင့်တဲ့ လစာနှင့်ညီမျှသော ထောက်ပံ့ငွေအပါ အဝင် လစာနှစ်ဆရရှိနေကြပါတယ်။ ဝမ်းပန်းတသာကြိုဆိုထောက်ခံပါတယ်။ အထက်တင်ပြပါစစ်ဆင် ရေးနယ်မြေဟုသတ်မှတ်တဲ့ နယ်မြေများတွင် တန်းပြည့်စစ်မှုထမ်းချိန်တွင် တာဝန်ထမ်းဆောင်နေ ကြတဲ့ တပ်မတော်သားများအတွက်လည်း လစာနှစ်ဆရရှိခံစားနိုင်ဖို့ အမှန်တကယ်သင့်မြတ်လှ တယ်လို့ ကျွန်တော့်အနေနဲ့လည်း ထင်မြင်ယူဆပါတယ်။ တပ်မတော်သားတစ်ဦးတိုင်းပြည်အတွက် အသက်ပေးလှူသွားရတယ်ဆိုရင် ကျန်ရစ်သူမိသားစုအတွက် နေရာထိုင်ခင်းနဲ့ အလုပ်အကိုင်များကို တပ်မတော်ရန်ပုံငွေမှသာထောက်ပံ့ပေးတာ တွေ့ရကြားရပြီး လုံလောက်မှုမရှိသလို နိုင်ငံတော်အနေ ဖြင့်လည်း တိကျတဲ့မူဝါဒဥပဒေ၊ နည်းဥပဒေနဲ့လည်း ထောက်ပံ့ပေးမှုများလည်း မတွေ့ရသေးပါဘူး။ သို့ဖြစ်ပါ၍ လူ့ဘဝမှာ အရေးကြီးဆုံးတန်ဖိုးအထားရဆုံးအသက်ကိုရင်း၍ ပင်ပန်းဆင်းရဲဒုက္ခကြီး စွာဖြင့် တိုင်းပြည်တာဝန်ထမ်းဆောင်နေကြတဲ့ တပ်မတော်သားများအတွက် အောက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (၁) နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင် နေကြသည့် တပ်မတော်သားများအားတန်းပြည့်စစ်မှုထမ်းချိန်သတ်မှတ်သည့် စစ်ဆင်ရေး၊ လုံခြုံရေး တာဝန်ထမ်းဆောင်ချိန်တို့တွင် လစာနှင့်ညီမျှသောထောက်ပံ့ငွေချီးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ။ (၂) အစဉ်အစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်ကိုသိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပြီးတော့ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွဋ်ဦးအနေနဲ့ ကျွန်တော်တို့ တပ်မတော်သားများရဲ့ လက်ရှိဆောင်ရွက်နေရတဲ့ ခက်ခဲတဲ့အခြေအနေလေးတွေကို စာနာပြီးတော့ တင်ပြသွားတဲ့အတွက် ကျေးဇူးတင်ကြောင်း ပဏာမ ဦးစွာ ပြောကြားချင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆက်လက်ဖြေကြားရမယ်ဆိုရင် ကာကွယ်ရေးဌာန

ကောင်စီအထူးအမိန့်အမှတ်၊ ၅/အထူး/၂၀၁၄ ဖြင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်သားများအတွက် လစာနှုန်းထားများကို စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်ထမ်းဆောင်ချိန်နှင့် သာမန်တာဝန်ထမ်းဆောင်နေချိန်ဟူ၍ ခွဲခြားသတ်မှတ်ထားခြင်းမရှိဘဲနဲ့ အဆင့်အတန်းလိုက် တစ်ပြေးညီသတ်မှတ်ခံစားစေလျက်ရှိပါတယ်။ ဒါ့အပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မှ တပ်မတော်သားများဟာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရာမှာ အချိန်ပြည့် ၂၄ နာရီ တာဝန်ရှိနေပြီး သက်စွန့်ကြိုးပမ်း စွန့်လွှတ်စွန့်စားဆောင်ရွက်နေကြရတဲ့အတွက် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် လစဉ် ယခင်က ၅၀၀၀ ကျပ်စီ၊ ယခု ၁၀၀၀၀ ကျပ်စီကို တပ်သားအဆင့်မှ ဗိုလ်ချုပ်မှူးကြီးအဆင့်အထိ ခံစားစေလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့ တပ်မတော်သားများအတွက် လစာနှုန်းထားများကို စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေချိန်နှင့် သာမန်တာဝန်ထမ်းဆောင်နေချိန်ဟူ၍ ခွဲခြားသတ်မှတ်ထားမှုမရှိဘဲ အဆင့်အတန်းအလိုက်တစ်ပြေးညီ သတ်မှတ်ခံစားခွင့်ပြုထားခြင်းနှင့် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ်ကိုလည်း တပ်သားအဆင့်မှ ဗိုလ်ချုပ်မှူးကြီးအဆင့်အထိ ခံစားခွင့်ပြုထားခြင်းတို့ကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြတဲ့ တပ်မတော်သားများဟာ တန်းပြည့်စစ်မှုထမ်းချိန် သတ်မှတ်ထားတဲ့ စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်ထမ်းဆောင်ချိန်တို့မှာလည်း လစာနှင့်ညီမျှသော ထောက်ပံ့ငွေချီးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဦးရဲထွဋ်ဦး(နတ်တလင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ကျွန်တော်သိချင်တာလေးတစ်ခု မေးချင်ပါတယ်။ ယခုအခါမှာ လောက်ကိုင်တိုက်ပွဲမှာ ဒဏ်ရာရစစ်သည်တွေကို ၁၀ သိန်း၊ ကျဆုံးစစ်သည်တွေကို သိန်း ၂၀ ပံ့ပိုးပေးတယ်လို့ ကြားသိရပါတယ်။ ဒါကို ကျွန်တော် မှန်/မမှန်သိချင်ပါတယ်။ ဒုတိယအနေနဲ့တော့ ထိုသို့မှန်ကန်ပါက အမြဲတမ်းပံ့ပိုးပေးနိုင်ရန်အတွက် ဥပဒေ၊ နည်းဥပဒေတွေ၊ အမိန့်၊ ညွှန်ကြားချက်တွေ ထုတ်ပြန်ပေးနေပြီလား။ ဒါမှမဟုတ်လည်း မထုတ်ပြန်ရသေးဘူးဆိုရင်လည်း ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေ ထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိ သိချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ နောက်ဆုံး တပ်မတော်သားများရဲ့ လစာနှင့် စရိတ်များကိုလည်း သတ်မှတ်ထားတဲ့အဆင့်အလိုက် နှုန်းထား အတိုင်း ခံစားစေလျက်ရှိပါတယ်။ ကျွန်တော်တို့ တပ်မတော်ပိုင်းအနေနဲ့ အပြင်နှင့်ညီမျှတဲ့ ရာထူး ဥပမာပြောရမယ်ဆိုရင် ဗိုလ်မှူးကြီးဆိုရင် ငါးသိန်း ခံစားခွင့်ပြုပါတယ်။ အပြင်မှာလည်း ကျွန်တော်တို့ နဲ့ညီမျှတဲ့အဆင့်တစ်ခုဟာလည်း ညွှန်ကြားရေးမှူးချုပ်ကလည်း ငါးသိန်း ခံစားခွင့်ပြုပါတယ်။ အလားတူပဲ ကျွန်တော်တို့ အပိုင်းအနေနဲ့ကတော့ ဒါနဲ့ပတ်သက်လို့ အဆင့်အလိုက် သတ်မှတ်ထားတဲ့ လစာနှုန်းထား ခံစားလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျန်တာကတော့ ဖြေကြားခွင့်မရှိပါ ဘူး။

**စစ်ဆင်ရေးအထောက်အကူပြုဝန်ထမ်းအဖြစ် တပ်မတော်သားများနှင့်အတူ လိုက်ပါစဉ် အသက်ခန္ဓာ၊ ပစ္စည်းဥစ္စာဆုံးရှုံးခဲ့ရသော ပြည်သူများ မနစ်နာစေရေးအတွက် ထိုက်သင့်သော အသိအမှတ်ပြုလွှာများ ထုတ်ပေးရေးနှင့် ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးရန် မည်သို့စီမံဆောင်ရွက်ထားရှိသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါ စေ။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်က အတည်ပြုပြီးဖြစ်တဲ့အဆိုတစ်ရပ်အပေါ် နိုင်ငံတော်ရဲ့ဆောင်ရွက်ထားရှိမှုအခြေအနေကို သိရှိလို၍ ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှာ ကျင်းပ ပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့မှာ ကျွန်တော်က အရေးကြီးအဆိုနှစ်ရပ်တင်သွင်းခဲ့ရာမှာ ဘားအံမဲဆန္ဒနယ်က ဒေါ်နန်းစေအွာ၊ ကျောက်ကြီးမဲဆန္ဒနယ်က ဦးညာဏ်ဆွေဝင်းတို့က ထောက်ခံဆွေးနွေးခဲ့ကြပြီး ကာကွယ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးကလည်း အလေးအနက်ထောက်ခံဆွေးနွေးသွားခဲ့ပါတယ်။ လွှတ်တော်က ကန့်ကွက်သူမရှိ သဘောတူအတည်ပြုနိုင်ခဲ့ပါတယ်။ ကျွန်တော်တင်သွင်းခဲ့တဲ့ အဆိုနှစ်ရပ်အနက် အဆိုတစ်ခုဖြစ်တဲ့ စစ်ဆင်ရေးအထောက်အကူပြုဝန်ထမ်းအဖြစ် တပ်မတော်သားများနှင့်အတူ လိုက်ပါ

ဆောင်ရွက်စဉ် အသက်ခန္ဓာ၊ ပစ္စည်းဥစ္စာများဆုံးရှုံးခဲ့ရသော ပြည်သူများ မနစ်နာစေရေးအတွက် ထောက်ပံ့ကူညီမှုများပြုလုပ်ပေးရန် မူဝါဒ သို့မဟုတ် ဥပဒေပြဋ္ဌာန်းပေးရေးအဆိုနှင့် ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မယ့်အစီအစဉ်ကို ပြည်သူများက စိတ်ဝင်တစားမျှော်လင့်စောင့်စား လျက်ရှိနေကြပါတယ်။ အထူးသဖြင့် ကာယကံရှင်များနဲ့ ၎င်းတို့ရဲ့မိသားစုဝင်များက ပိုမိုပြီးတော့ မျှော်လင့်စောင့်စားလျက်ရှိနေကြပါတယ်။ လွှတ်တော်များနှင့် အစိုးရအဖွဲ့ရဲ့ ပထမအကြိမ်သက်တမ်း ကာလအတွင်း ဆောင်ရွက်ပေးစေလိုတဲ့ဆန္ဒလည်းရှိနေကြပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုသည်မှာ အထက်ပါ တင်ပြခဲ့တဲ့ လွှတ်တော်ကလည်း အတည်ပြုပြီးဖြစ်တဲ့အဆိုနှင့်စပ်လျဉ်းပြီး (၁) နိုင်ငံတော်မှ မည်သို့စီမံ ဆောင်ရွက်နေသည်။ (၂) မည်သည့်အဆင့်ထိ စီမံဆောင်ရွက်ထားပြီးဖြစ်သည်ကို သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ်၊ ဖာပွန် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်လို့ ကျွန်တော် နှစ်ပိုင်းတွေ့ပါတယ်။ ပထမတစ်ပိုင်းကတော့ ကျွန်တော်တို့ စစ်ဆင်ရေးအထောက်အကူပြု ဝန်ထမ်းများနှင့်ပတ်သက်ပြီးတော့ နောင်လုပ်ပေးနိုင်မယ့် ယင်းတို့ရဲ့ဘဝအဆင်ပြေစေရေးအတွက် ထောက်ပံ့ကူညီမှုများပြုလုပ်ပေးရန် မူဝါဒနှင့် ဥပဒေပြဋ္ဌာန်းပေးရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်မှ မည်သို့စီမံဆောင်ရွက်နေသည်နှင့် မည်သည့်အဆင့်ထိ စီမံဆောင်ရွက်ထားမှုဖြစ်တဲ့အပိုင်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကျယ်ပြန့်စွာ စဉ်းစားလုပ်ဆောင်ရမယ့်အပိုင်းဖြစ်တဲ့အတွက် လောလောဆယ် ဖြေကြားပေးနိုင်ခြင်းမရှိကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ပိုင်းအနေနဲ့ကတော့ လက်ရှိကျွန်တော်တို့ နိုင်ငံတော်နှင့် တပ်မတော်က ဆောင်ရွက် နေတဲ့အပိုင်းများကို ကျွန်တော်တို့ ဖြေကြားနိုင်မှာ ဖြစ်ပါတယ်။ လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမိန့်ကြော်ငြာစာနှင့် ကကနကောင်စီအမိန့်များကို တိကျစွာတင်ပြချင်တဲ့အတွက် ဖြေကြားချိန် ပိုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ လက်ရှိ ကျွန်တော်တို့ ဦးစိုင်းသန်းနိုင်ရဲ့ ကြယ်ပွင့်ပြ

မေးခွန်းနှင့်ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက် အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၀၉) ရဲ့ အခန်း(၇)မှာ ဂုဏ်ထူးဆောင်ဘွဲ့များဆိုင်ရာ အရည်အချင်းများ စာပိုဒ် ၁၅ မှာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးအတွက် တပ်မတော်နှင့် တွဲဖက်ပေးထားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူများကိုလည်း စွမ်းရည်သတ္တိအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်မီသည်အထိ သက်စွန့်ကြိုးပမ်းဆောင်ရွက်ပါက အောင်ဆန်းသူရိယဘွဲ့ သို့မဟုတ် သီဟသူရဘွဲ့ သို့မဟုတ် သူရဘွဲ့တစ်ခုခု ချီးမြှင့်အပ်နှင်းနိုင်ခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။

နောက် အဆိုပါပြဋ္ဌာန်းချက်များ၏ အခန်း(၈)ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ အရည်အချင်းများ စာပိုဒ် ၂၂ မှာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးအတွက် တပ်မတော်နှင့် တွဲဖက်ထားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူများကိုလည်း စွမ်းရည်သတ္တိအတွက် သတ်မှတ်ထားသော အရည်အချင်းများ ပြည့်မီသည်အထိ သက်စွန့်ကြိုးပမ်းဆောင်ရွက်လျှင် အောင်ဆန်းတံဆိပ် သို့မဟုတ် သီဟဗလတံဆိပ် သို့မဟုတ် သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်များတစ်ခုခုကို ချီးမြှင့်အပ်နှင်းနိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။

ပြဋ္ဌာန်းချက်ရဲ့ အခန်း(၈)၊ စာပိုဒ် ၂၁ စာပိုဒ်ခွဲ(စ)မှာဆိုရင် ၁၉၄၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှ စတင်လျက် ပြည်တွင်းသောင်းကျန်းမှုများနှင့် ပြည်ပကျူးကျော်မှုများ ချုပ်ငြိမ်းသည့်နေ့ဟူ၍ နိုင်ငံတော်က တရားဝင်ထုတ်ပြန်ထားသည့် ကာလအတွင်း စစ်ဆင်ရေးများနှင့် နယ်မြေအလိုက် တိုက်ပွဲစဉ်များ၌ ရန်သူ့လက်ချက်ကြောင့် ခြေ၊ လက်၊ မျက်စိ စသည့်ကိုယ်အင်္ဂါအစိတ်အပိုင်းများ တစ်ရပ်ရပ်ကို နိုင်ငံတော်အတွက် စွန့်လှူခဲ့ခြင်းနှင့် တိုက်ပွဲတွင်ရရှိသော ဒဏ်ရာကြောင့် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်များပျက်စီးချို့ယွင်းမှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများတစ်ခုခု ဆေးခုံရုံးက ၆၀ ရာခိုင်နှုန်းနှင့်အထက် ဆုံးရှုံးသည်ဟု သတ်မှတ်ထားသော တပ်မတော်သားများနှင့် ၎င်းတို့နှင့်ပါဝင်ခဲ့သော ဝန်ထမ်းများ၊ အရပ်သားများကို ပြည်သူ့သားကောင်းတံဆိပ်ချီးမြှင့်နိုင်သည်လို့သတ်မှတ်ထားပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာနကောင်စီ အမိန့်တစ်ခုအရ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ကိုလည်း ချီးမြှင့်နိုင်ကြောင်းရှိပါတယ်။ နောက် ကျွန်တော်တို့ ထုတ်နုတ်ပြီးတော့ တင်ပြရမယ်ဆိုရင် ဂုဏ်ထူးဆောင် တံဆိပ်နှင့်အတူ အောင်ဆန်း သူရိယ၊ သီဟသူရ၊ သူရ၊ အောင်ဆန်းတံဆိပ်၊ သီဟဗလတံဆိပ်၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်၊ ပြည်သူ့သားကောင်းတံဆိပ်များချီးမြှင့်ပြီးတော့ အောင်ဆန်းသူရိယအပိုင်းမှာတော့ ကျွန်တော်တို့ လစဉ် ချီးမြှင့်ငွေ ကျပ် ၁၀၀၀၀၀၊ သီဟသူရဘွဲ့မှာ ကျပ် ၈၀၀၀၀၊ သူရဘွဲ့မှာ ကျပ် ၆၀၀၀၀၊ ပြည်သူ့သား ကောင်းတံဆိပ်မှာ ကျပ် ၁၀၀၀၀ လစဉ်ချီးမြှင့်မှုရှိပါတယ်။

နောက် တပ်မတော်တပ်ရင်း/တပ်ဖွဲ့များမှ စစ်ဆင်ရေးတွင် အရပ်သားအလုပ်သမားများ၊ နေ့စားအလုပ်သမားများအဖြစ် ငှားရမ်းအသုံးပြုခဲ့တာရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ မစွမ်းမသန်ဖြစ်ခဲ့ ရင်လည်း ကျွန်တော်တို့ တည်ဆဲအလုပ်သမားလျော်ကြေးဥပဒေအရ လျော်ကြေးခံစားခွင့်ရှိပါတယ်။ နောက်တစ်ပိုင်းအနေနဲ့ ကျွန်တော်တို့ ကောက်နုတ်ပြီးတော့ပဲ တင်ပြပါရစေ။ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ အရပ်သားလူနာများနည်းတူ ရဲဘက်များကိုလည်း ဆေးဝါးကုသခွင့် သတ်မှတ်ပြဋ္ဌာန်း မှုရှိပါတယ်။ နောက် အရပ်သူ/အရပ်သားများကို စစ်ဆင်ရေးမှာ ထိခိုက်ဒဏ်ရာရရင်လည်း တပ်မတော်ဆေးရုံများမှာ အတွင်း/အပြင်လူနာအဖြစ် ကုသခွင့်ရှိပါတယ်။

ဒါ့အပြင် ကာကွယ်ရေးဌာနကောင်စီအမိန့်အမှတ်၊ ၅/အထူး/၂၀၁၅ နောက်ဆုံး သေဆုံး/ ဒဏ်ရာရ စစ်ဆင်ရေးအလုပ်သမားများအတွက် လျော်ကြေးငွေအဖြစ် သေဆုံးလျှင် ကျပ် ၄၅၀၀၀၀၊ နောက် ဒဏ်ရာရဆေး ၁၀၀ ရာခိုင်နှုန်းရလျှင် ကျပ် ၆၀၀၀၀၀ ခံစားခွင့်ပြုထားပါတယ်။ နောက်တစ်ပိုင်းကလည်း ကျွန်တော်တို့ စစ်ဆင်ရေးမှအပ စစ်ဆင်ရေးအလုပ်သမားများအတွက် လျော်ကြေးငွေ သေဆုံးလျှင် ကျပ် ၄၅၀၀၀၀ နှင့် ဒဏ်ရာရလျှင် ၁၀၀ ရာခိုင်နှုန်းဆိုလျှင် ကျပ် ၆၀၀၀၀၀ ခံစားခွင့်ပြုထားပါတယ်။ နောက်ဆုံး တင်ပြရမယ်ဆိုရင် ၁၉၈၈-၁၉၈၉ ဘဏ္ဍာရေးနှစ်မှ စပြီးတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ စစ်ဆင်ရေးတာဝန်ထမ်းဆောင်စဉ် အရပ်သား အလုပ် သမားများ ငှားရမ်းအသုံးပြုခဲ့မှုနှင့် ကွပ်ကဲမှုဌာနချုပ်များမှ အမှုတွဲပေးပို့တင်ပြမှုအရ သေဆုံး ၇၈၁၇ ဦး၊ ဒဏ်ရာရ ၁၅၈၉ ဦး စုစုပေါင်း ၉၄၀၆ ဦးရှိပြီးတော့ လျော်ကြေးငွေပေးခဲ့ပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ယနေ့အချိန်မှာ ကျွန်တော်တို့ အရပ်သားအလုပ်သမားများ ငှားရမ်းအသုံး

ပြုမူမရှိတော့ပါကြောင်း ပြောကြားရင်းနဲ့ ကျွန်တော်ရဲ့ ဖြေကြားချက်ကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**မြန်မာနိုင်ငံတွင် C ပိုးရောဂါ ကုသရန် စီမံချက် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ ။** ။ ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် ဒုတိယကြီးနှင့် လွှတ်တော်သို့ တက်ရောက်လာသူပုဂ္ဂိုလ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မက ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့်ဖြစ်ပါတယ်။ ကျွန်မမေးမယ့်မေးခွန်းကတော့ မြန်မာနိုင်ငံတွင် C ပိုးရောဂါ ကုသရေးစီမံချက်ရှိ/မရှိမေးမြန်းခြင်းဖြစ်ပါတယ်။ ဘယ်အချိန်က ဘယ်သူ့ဆီက ဘယ်လိုကူးလိုက်မှန်း မသိဘဲ ကူးစက်ခံရတဲ့ အသည်းရောင်အသားဝါ C ပိုးရောဂါဟာ Silent Epidemic လူမသိသူမသိ ပြန့်သွားပြီး ဒုက္ခပေးတဲ့ရောဂါလို့ အသည်းဖက်ဆိုင်ရာ ဆရာဝန်ကြီးများကဆိုပါတယ်။ ကမ္ဘာပေါ်မှာ C ပိုးရှိတဲ့သူ သန်း ၁၇၀ ကျော်ရှိတယ်လို့လည်း WHO အဖွဲ့အစည်းက သတ်မှတ်ပါတယ်။ ကုရခက်လို့၊ ကုရတာဈေးကြီးလို့၊ ကာကွယ်ဆေးမရှိလို့ ကမ္ဘာ့ပြဿနာလည်းဖြစ်နေပါတယ်။ ဒါပေမယ့် စမ်းသပ်မှုအသစ် အသစ်တွေ၊ ကုထုံးအသစ်အသစ်တွေပေါ်နေလို့ မျှော်လင့်ချက်မကုန်ဆုံးပါဘူး။ WHO က ကူညီ ထောက်ပံ့တဲ့ ကုထုံးအသစ်၊ ဆေးအသစ်တွေကို အိန္ဒိယလို၊ ပါကစ္စတန်လိုနိုင်ငံများမှာ အသုံးပြုနေပြီလို့ ကြားသိရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ C ပိုးရောဂါကုသရန် စီမံချက်ရှိ/မရှိ။ ရှိလျှင် ဘယ်အချိန်ကာလမှာ စတင်ဆောင်ရွက်မည်ကို သိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ ။** ။ ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး( ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန )။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း မင်္ဂလာနှင့်ပြည့်စုံကြပါစေလို့ ကျွန်မအနေနဲ့ ပထမဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့်၏မေးခွန်းအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီးဒေါက်တာဒေါ်သိန်းသိန်းဌေး

ဖြေကြားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါ C ပိုးရောဂါကုသရန် စီမံချက်ရှိ/မရှိနှင့် ရှိလျှင် ဘယ်အချိန်ကာလမှာ စတင်ဆောင်ရွက်မည်ကို သိလိုပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါ C ပိုးရောဂါကုသရန် စီမံချက်အနေဖြင့် ယခုအချိန်အထိ မရှိသေးပါကြောင်း၊ အဆိုပါ စီမံချက်စတင်ဆောင်ရွက်နိုင်ရန်အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို နေပြည်တော်၌ ၁၇-၁၁-၂၀၁၄ ရက် နေ့တွင်လည်းကောင်း၊ ပထမအကြိမ်စီမံချက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆေးသုတေသနဦးစီးဌာန၌ ၉-၁၂-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆေးသုတေသနဦးစီးဌာန၌ ၂၄-၁၂-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၆-၁-၂၀၁၅ ရက်နေ့တွင်လည်းကောင်း ကျင်းပဆွေးနွေးခဲ့ကြပြီး National Hepatitis Programme အတွက် (Country Representative Data) နိုင်ငံကိုကိုယ်စားပြုသော ကိန်းဂဏန်းအချက်အလက်များရရန်နှင့် တစ်နိုင်ငံလုံး၏ အသည်းရောင်အသားဝါ ရောဂါဖြစ်ပွားမှုအချက်အလက်များရရှိရန် စစ်တမ်းကောက်ယူခြင်းကို ၂၀၁၅ ခုနှစ်တွင် ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ အသည်းဖောင်ဒေးရှင်း၊ ကလင်တန်ကျန်းမာရေးဖောင်ဒေးရှင်းတို့နှင့် အားလုံးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီးရရှိသည့် ကိန်းဂဏန်းအချက်အလက်များအပေါ်အခြေခံ၍ ရှေ့လုပ်ငန်းစဉ်များရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင့်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအားဆက်စပ်မေးခွန်းနှစ်ခုနဲ့ ဆက်စပ်ဆန္ဒပြုခြင်းတစ်ချက်ကို မေးမြန်းပြောဆိုခွင့်ပြုပါရှင်။ ဆက်စပ်မေးခွန်းနံပါတ်(၁)ကတော့ WHO ကထောက်ပံ့ကူညီဖို့အစီအစဉ် သို့မဟုတ် WHO ၏ထောက်ပံ့ကူညီဖို့ အစီအစဉ်ကိုလက်ခံဖို့အစီအစဉ်ရှိပါသလား။ အဲဒါကို သိချင်ပါတယ်။ နောက်ဆက်စပ်မေးခွန်း(၂)ကတော့ အသင်းဖောင်ဒေးရှင်းအချို့ဟာ အသင်းဝင်များလက်ခံလျက်ရှိတယ်လို့ သတင်းကြားသိရပါတယ်။ ထိုသို့ အသင်းဝင်အဖွဲ့ဝင်ခြင်းသည် ရောဂါကုသရေးတွင် မည်သို့အကျိုးသက်ရောက်စေနိုင်ကြောင်းကိုသိလိုပါတယ်။ နောက်ဆက်စပ်ဆန္ဒပြုခြင်း နံပါတ်(၁)ကတော့ အသဲရောင်အသားဝါ C ပိုးရောဂါနှင့်ပတ်သက်ပြီး တကယ့်ကျွမ်းကျင်ပညာရှင်များထက် တတ်ခြင်း၊ သိခြင်း၊ ပညာရပ်ဆိုင်ရာတွင်မသက်ဆိုင်သော ဆေးပညာရှင်များက လက်ရဲဇက်ရဲကုသနေသဖြင့် ဆေးသမားမထောင်းသာ လူနာမခံကျိအဖြစ်များ ကြုံနေရပါသောကြောင့် ရှေ့လုပ်ငန်းစဉ်များရေးဆွဲချမှတ် အကောင်အထည်ဖော်

**မူကြမ်း**

ခြင်းလုပ်ငန်းကို အမြန်ဆုံးဆောင်ရွက်သင့်ပါကြောင်း ထပ်လောင်းဆန္ဒပြု တောင်းဆိုအပ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးနှင့်တကွအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များရှင်။ ဆက်စပ်မေးခွန်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထောက်ပံ့မှုအစီအစဉ်မှာ စီမံချက်အနေအထားအဖြစ် ယခုအချိန်ထိ မရှိသေးသော်လည်းပဲ ဤလုပ်ငန်းသည် ကမ္ဘာ့နှင့်တစ်ဝှမ်းအရေးကြီးကဏ္ဍတွင် ထားရှိပြီးတော့ ကျွန်မတို့ အားလုံးဆောင်ရွက်နေတဲ့လုပ်ငန်းဖြစ်တဲ့အတွက် ယခုဆောင်ရွက်မယ့် သုတေသနလုပ်ငန်းများမှာ နည်းပညာပိုင်းအရကူညီထောက်ပံ့မှုများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ အကယ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် မည်သည့်သင့်လျော်သည့်အဖွဲ့အစည်းကမဆို ထောက်ပံ့ကူညီမှုများ ပြုလာမည်ဆိုပါက ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ကျန်းမာရေးလုပ်ငန်းများ၊ အထူးသဖြင့် အဆိုပါအသည်းရောဂါနှင့်ပတ်သက်၍ သုတေသန၊ ကာကွယ်ရေး၊ ကုသရေးများ ဆောင်ရွက်နေသည့်အဖွဲ့အစည်းများ အားလုံးပူးပေါင်း၍ လက်ခံမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ အသည်းဖောင်ဒေးရှင်းများသို့ အသင်းဝင်ခြင်းအပေါ် မည်ကဲ့သို့ အထောက်အကူပြုမည့်ကိစ္စနှင့်ပတ်သက်၍တော့ ကျွန်မတို့ ဒါသည် သူရဲ့ဖောင်ဒေးရှင်းတစ်ခုချင်းရဲ့ကဏ္ဍဖြစ်တဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ တိတိကျကျ ကျွန်မတို့အနေနဲ့ ဝင်ရောက်ဖြေဆိုနိုင်ခြင်း မရှိပါဘူး။ သို့ရာတွင် ဒေါက်တာဒေါ်အေးမြင့် အဆိုပြုတင်ပြသွားသည့်အတိုင်း ကျွန်မတို့ ကျန်းမာရေးဝန်ကြီးဌာနနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့များအားလုံးကလည်း ကျွန်မတို့ ဤစီမံချက်ဖြစ်ပေါ်လာရေးအတွက် ဘဏ္ဍာငွေရရှိရေးနဲ့ ကျွမ်းကျင်မှုများဆိုင်ရာနည်းပညာများအားလုံးကို ကမ္ဘာတစ်ဝှမ်းမှ ပညာရှင်များနဲ့ဆက်သွယ်ဆောင်ရွက်ပြီးတော့ စေလျှင်စွာအကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

**ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းညွန့်၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ်က ဥပဒေကြမ်းတစ်ခုပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဦးသိန်းညွန့် အားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သင်္ဃန်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေကို ရုပ်သိမ်းဖို့နှင့်ပတ်သက်ပြီးတော့ အရင်ဆုံး ကျွန်တော် အကျိုးအကြောင်း လွှတ်တော်ကိုအစီရင်ခံပါ့မယ်။ ဒီဥပဒေဟာ ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့က ၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ်(၃၉)ဖြင့် ပြဋ္ဌာန်းခဲ့တဲ့ဥပဒေဖြစ်ပါတယ်။ ဤဥပဒေမှာ ပုဒ်မပေါင်း ၇ ခုပါပါတယ်။ ဒီဥပဒေနဲ့ပတ်သက်ရင် ကျွန်တော်တို့ ဥပဒေပြဋ္ဌာန်းတဲ့အခါမှာ အင်မတန်အတုယူစရာကောင်းတဲ့ ပြဋ္ဌာန်းချက်တွေပါပါတယ်။ ဘယ်လိုပြဋ္ဌာန်းချက်မျိုးလဲဆိုတော့ အရေးကြီးတဲ့ ပြစ်မှုတွေကို အရေးယူတဲ့အခါမှာ အဲဒီဥပဒေပုဒ်မ ၆ မှာ နိုင်ငံတော်သမ္မတရဲ့ ကြိုတင်ခွင့်ပြုချက်မရဘဲနဲ့ အရေးယူခြင်း၊ တရားစွဲခြင်းမပြုရဘူးလို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီလိုပဲ ပုဒ်မ ၇ မှာ ဒီလိုပြစ်မှုတွေကို စက်ရှင်တရားသူကြီးရုံးအောက်နိမ့်သော မည်သည့်တရားရုံးကမျှ စီရင်ခြင်းမပြုရဆိုပြီးတော့ ကန့်သတ်ပေးထားပါတယ်။ ဒါက ဥပဒေနဲ့ပတ်သက်ပြီး ဆောင်ရွက်တဲ့နေရာမှာ၊ အဓိပ္ပာယ်ဖွင့်တဲ့နေရာမှာ အဆင့်မြင့်တရားရုံးတွေကိုသာ အာဏာအပ်နှင်းထားတာဖြစ်ပါတယ်။ အဲဒီအပြင် ဥပဒေရဲ့ရည်ရွယ်ချက်တွေကလည်း အင်မတန်ကောင်းပါတယ်။ ပုဒ်မ ၃ ကိုကြည့်လိုက်လို့ရှိရင် ဒီအခြေခံဥပဒေမှာရှိတဲ့ မူလအခွင့်အရေး၊ ပြဋ္ဌာန်းလိုက်တဲ့အခွင့်အရေးတွေကို ပျက်ပြားအောင် မလုပ်ဖို့၊ နိုင်ငံရေးဆောင်ရွက်မှုကို လက်နက်ကိုင်နည်းနဲ့မလုပ်ကြဖို့၊ မြန်မာနိုင်ငံမှာ ဘယ်နိုင်ငံရေးအာဏာရှင်စနစ်ကိုမှ မတည်ထောင်ဖို့၊ ဒီဥပဒေရဲ့ရည်ရွယ်ချက်ထဲမှာ အတိုက်အခံနိုင်ငံရေးအဖွဲ့အစည်းထားရှိခွင့်ပြုတဲ့ ပါလီမန်ဒီမိုကရေစီစနစ်ကို ပျက်ပြားစေရန်ကြံရွယ်တဲ့ အကြံပေးမှု၊ တိုက်တွန်း

မှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ ဝါဒဖြန့်မှုတွေမလုပ်ဖို့၊ လျှို့ဝှက်ရဲအဖွဲ့တွေနဲ့ စိုးမိုးအုပ်ချုပ်တဲ့စနစ်တွေ မထူထောင်ဖို့ အဲဒီအချက်တွေကို ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေးဥပဒေမှာ ပြဋ္ဌာန်းထားခဲ့ပါတယ်။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သို့သော် အားလုံးသိတဲ့အတိုင်းပဲ ဒီဥပဒေရဲ့ လက်တွေ့မှာအသက်မဝင်တော့ဘူးဆိုတာ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့နောက်ပိုင်းမှာ ဖြစ်ပေါ်လာတဲ့အခြေအနေတွေအရ ကျွန်တော်တို့နားလည်ရမှာဖြစ်ပါတယ်။ ဥပဒေနဲ့ပတ်သက်လို့ သင်တဲ့အခါမှာလည်း ကျွန်တော်တို့ ဥပဒေပညာရှင်ဆရာသမားတွေကိုယ်တိုင်က အမြဲတမ်းပြောတဲ့စကားတစ်ခုရှိပါတယ်။ ရာဇသတ်ကြီးမှာ ဘာတွေပြဋ္ဌာန်းပြဋ္ဌာန်းအောင်မြင်အောင်လုပ်နိုင်ရင် အရေးယူလို့မရတဲ့ပုဒ်မ နှစ်ခုရှိပါတယ်တဲ့။ တစ်ခုကတော့ ရာဇသတ်ကြီးပုဒ်မ ၃၀၉ မိမိကိုယ်မိမိ သတ်ရန်အားထုတ်မှု ကိုယ့်ဟာကိုသေအောင်သတ်လိုက်ရင်တော့ ဘယ်သူမှအရေးယူလို့မရတော့ဘူး။ ဒီလိုပါပဲ ပုဒ်မ ၁၂၂ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် တည်ထောင်ထားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံလုပ်ငန်းအဖွဲ့ကို ဖြိုဖျက်ဖို့ ဖြိုနိုင်ရင်တော့ ၁၂၁ အရ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုနဲ့ အရေးယူလို့မရတော့ဘူး။ အဲဒီတော့ ဒီဥပဒေဟာ ရှိပင်ရှိငြားသော်လည်း ဒီဥပဒေရဲ့ ရည်ရွယ်ချက်တွေကို ပြန်ကြည့်လိုက်ရင် ဒီနေ့မေးခွန်းထုတ်စရာတွေ အများကြီးဖြစ်နေပါတယ်။ အဲဒီထက် အရေးကြီးဆုံးအချက်ကတော့ ကျွန်တော်တင်ပြထားတဲ့ ကျိုးကြောင်းဖော်ပြချက်မှာပါတဲ့အတိုင်း ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့နိဒါန်းမှာ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ရပ်ဆိုင်းသွားပြီလို့ ဖော်ပြထားခဲ့ပါတယ်။ အဲဒီတော့ ရပ်ဆိုင်းထားပြီးဖြစ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးကို ကျွန်တော်တို့ ဆက်ထားမယ်ဆိုရင် ဥပဒေကြောင်းအရ မေးခွန်းထုတ်စရာတွေပေါ်ပေါက်တဲ့အပြင် ဘာပြောပြောပေါ့။ ဥပဒေတစ်ရပ်ရှိနေတယ်ဆိုရင်တော့ ဒီဥပဒေနဲ့ပတ်သက်ပြီး ပြစ်မှုဆိုင်ရာဥပဒေမှာ ကာလကန့်သတ်ချက်မရှိတဲ့အချက်ကိုလည်း ကျွန်တော်တို့အလေးအနက်ထားရပါမယ်။ အဲဒါကြောင့် ဒီဥပဒေဟာ ရုပ်သိမ်းသင့်တဲ့ဥပဒေအဖြစ် ကျွန်တော်တို့ လျင်လျင်မြန်မြန်ဆောင်ရွက်သင့်တယ်လို့ ယူဆတဲ့အတွက် ဒီဥပဒေကိုရုပ်သိမ်းဖို့ ကျွန်တော်တင်ပြခဲ့ပါတယ်။

လေးစားရသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် လွှတ်တော်ကို တင်သွင်းပြီးတဲ့ကာလမှာပဲ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှာ နိုင်ငံသားများရဲ့မူလအခွင့်အရေး၊

ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီက ဒီဥပဒေနဲ့ပတ်သက်ပြီး ကျွန်တော့်ကို ဆွေးနွေးတာရှိပါတယ်။ အဲဒီတော့ ကျွန်တော် ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ အဲဒီဆွေးနွေးတုန်းက သက်ဆိုင်ရာလွှတ်တော်ကော်မတီတွေနဲ့ ညှိနှိုင်းသဘောတူညီချက်ရှိပါတယ်။ ဒါကြောင့် ဒီဥပဒေနဲ့ ပတ်သက်ပြီးတော့ စေ့စပ်ဆောင်ရွက်တဲ့နေရာမှာ သဘောကွဲလွဲမှုလည်းမဖြစ်အောင် ကျွန်တော် ကိုယ်တိုင်လည်း သဘောတူထားပြီးသားဖြစ်တဲ့အတွက် နိုင်ငံသားများရဲ့မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့သဘောထားကိုလည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်ရယူပေး ပါလို့ ကျွန်တော်ပန်ကြားအပ်ပါတယ်။ လောလောဆယ်တော့ ဒီလောက်ပဲဆွေးနွေးပါရစေ။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့် အဆိုပြုတင်ပြတဲ့ဥပဒေဟာ အင်မတန်မှစိတ်ဝင်စားစရာကောင်း တဲ့ဥပဒေတစ်ခုဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးလိုက်တဲ့အခါကျတော့ ပိုပြီးတော့ ကျွန်တော်တို့ စိတ်ဝင်စား ပြီးတော့ ဦးသိန်းညွန့်တင်ပြသွားတဲ့ အားလုံးနားထောင်လိုက်တဲ့ကိစ္စတွေမှာ နိုင်ငံရေးကို လက်နက်ကိုင် ဆောင်ပြီးမလုပ်ရ၊ အတိုက်အခံပါတီအဖွဲ့အစည်းကို ပျက်ပြားအောင်မလုပ်ရဆိုတဲ့ကိစ္စတွေဟာ လူနေ မှုအဖွဲ့အစည်းနဲ့ ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းမှာ မဖြစ်မနေလိုအပ်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေဟာအသက်မဝင်တော့ဘူးဆိုရင် အသက်ဝင်အောင် ခုနကကိစ္စတွေပါဝင်တဲ့ ဥပဒေတစ်ခု အစားထိုးဆောင်ရွက်ဖို့လိုတယ်လို့ ယခင် ကျွန်တော် တစ်ဦးတည်းသုံးသပ်ခဲ့တာရှိပါတယ်။ အခု ဒီနေ့ ဒီလိုတင်ပြတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း မိမိတို့ ဒီနေ့ ဥပဒေပြုရေး တာဝန်မှာ အဓိကတာဝန်ရှိတဲ့အတွက် ဒီလိုကိစ္စမျိုးကို အလေးထားပြီးတော့ ပယ်ဖျက်သင့်တဲ့ဥပဒေ ပယ်ဖျက်ဖို့ဆိုလို့ရှိရင်လည်း အစားထိုးနိုင်တဲ့ဥပဒေများကို လုံ့လထားကြိုးပမ်းဆောင်ရွက်ဖို့လိုပါ တယ်။ ဒီမိုကရေစီနိုင်ငံထူထောင်တဲ့နေရာမှာ ပြုပြင်ပြောင်းလဲတဲ့ဆိုတဲ့နေရာမှာ ပြုပြင်ပြောင်းလဲသင့် တဲ့၊ ပြင်သင့်ပြင်ထိုက်တဲ့ဥပဒေများ မပြင်နိုင်ဘူးဆိုရင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအပါအဝင် စနစ်တစ်ခုလုံးကို ဘယ်လိုမှပြောင်းလဲနိုင်မှာမဟုတ်တဲ့အတွက် မိမိတို့ အလေးထားဂုဏ်ယူရမယ့် ကိစ္စက ဥပဒေများ၊ ကာလဒေသအချိန်အခါနဲ့ကိုက်ညီတဲ့ဥပဒေများ ပြင်ဆင်ပြောင်းလဲ မပြဋ္ဌာန်းနိုင် ဘူးဆိုရင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေက ဘယ်လိုမှအောင်မြင်နိုင်စရာမရှိဘူးဆိုတဲ့အသိ ကျွန်တော်တို့ ခံယူပြီးဆောင်ရွက်ဖို့လိုပါတယ်။ တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင် ပါးစပ်နဲ့၊ စိတ်ကူးနဲ့ ပြုပြင်ပြောင်းလဲလို့မရနိုင်ပါဘူး။ ပြုပြင်ပြောင်းလဲနိုင်တဲ့၊ ပြုပြင်ပြောင်းလဲရမယ့်ဥပဒေတွေ ပြဋ္ဌာန်း ဖို့လိုပါတယ်။ ပြုပြင်ပြောင်းလဲရေးကို အနှောင့်အယှက်ဖြစ်နေတဲ့ဥပဒေများကို ပယ်ဖျက်ဖို့လိုပါတယ်။

**မူကြမ်း**

ဒီအတွက် ဦးသိန်းညွန့်ကတော့ဆွေးနွေးပြီးသွားပြီ။ အကြံပြုသွားပါတယ်။ ဒီနေ့တော့ ကျွန်တော့်ဘက်က ဦးသိန်းညွန့်ရဲ့အဆိုပြုချက်ကို ဆက်လက်ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်ရှိက ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မရှိဘူးဆိုရင် သက်ဆိုင်တဲ့ဝန်ကြီးဌာန၊ ဥပဒေရေးရာနှင့်ပတ်သက်ပြီးတော့ နိုင်ငံမှာ အကျွမ်းဝင်ဆုံးဖြစ်တဲ့ ရှေ့နေချုပ်ရုံး သို့မဟုတ်ရင် သက်ဆိုင်ရာဌာနက ဆက်လက်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေဟာ အမှန်စင်စစ်တော့ ပြည်ထဲရေးဝန်ကြီးဌာနက Administer လုပ်တဲ့ဥပဒေဖြစ်ပါတယ်ခင်ဗျ။ အခုလက်ရှိလည်း ပြည်ထဲရေးဝန်ကြီးဌာနက ဒီဖွဲ့စည်းပုံအခြေခံဥပဒေကာကွယ်စောင့်ရှောက်ရေးဥပဒေ(မူကြမ်း)ကို ရေးဆွဲပြီးတော့ တင်ပြခဲ့ပါတယ်။ အဲဒီမူကြမ်းအပေါ်မှာ ကျွန်တော်တို့လည်း ဧပြီလ ၂၄ ရက်နေ့က ဥပဒေအကြံပေးပြန်ကြားထားပြီးဖြစ်ပါတယ်။ အဲဒီဥပဒေကတော့ ခုနက ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအပေါ်မှာပဲ အခြေပြုပြီးတော့၊ အခြေခံပြီးတော့ ခေတ်နှင့်ညီအောင် အသုံးအနှုန်းများ ပြန်လည်ပြုပြင်ရေးဆွဲထားပြီးတော့ တစ်ခါတည်းပဲ အဲဒီဥပဒေမှာ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေးဥပဒေကိုလည်း ရုပ်သိမ်းသွားမှာဖြစ်ကြောင်း တင်ပြထားပါတယ်။ ဒီဥပဒေကို အမြန်ဆုံးတင်သွင်းနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ဆက်လက်ဆောင်ရွက်ဖို့ ကျွန်တော်တို့လည်း ဆောင်ရွက်သွားပါမယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိုင်ငံသားများရဲ့မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီက ဆွေးနွေးစရာရှိရင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဝင်း(အတွင်းရေးမှူး၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံသားများရဲ့မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊

အတွင်းရေးမှူး ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးရဲ့တာဝန်ပေးချက်အရ အဆိုတင်သွင်းသူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အဆိုရှင် ဦးသိန်းညွန့်နှင့် ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဟာ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ ရက် ၁၃ နာရီ (I-5) မှာ ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲကို ကျွန်တော်တို့ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဆန်းလင်း တက်ရောက်ခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲမှာ သုံးသပ်ချက်များကို ကျွန်တော်တို့ သုံးသပ်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် နိုင်ငံသားများရဲ့မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီအနေဖြင့် သဃ်န်းကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် ပြည်သူ့လွှတ်တော်သို့တင်သွင်းသော ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး အောက်ပါအတိုင်းကျွန်တော်တို့ သုံးသပ်ခဲ့ပါတယ်။ (က) ၂၉-၉-၁၉၅၉ ရက်နေ့တွင် ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ယင်းအက်ဥပဒေပြဋ္ဌာန်းချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော မူလအခွင့်အရေးတစ်ရပ်ကို ပျက်ပြားစေရန် ရည်ရွယ်သော ပြုလုပ်မှုများ၊ လက်နက်ကိုင်နည်းလမ်းများဖြင့် နိုင်ငံရေးဆောင်ရွက်မှုကို ရှေးရှုသည့်ပြုလုပ်မှုများ၊ အာဏာရှင်စနစ်ကို ရှေးရှုသည့်ပြုလုပ်မှုများ၊ ပါတီစုံဒီမိုကရေစီစနစ်ကို ပျက်ပြားစေရန် ကြံရွယ်သောပြုလုပ်မှုများ၊ လျှို့ဝှက်ရဲတပ်ဖွဲ့ ဖွဲ့စည်းသည့်စနစ်မျိုးတည်ထောင်ခြင်းများ၊ အခြေခံဥပဒေရဲ့နိဒါန်းပါမူများကို ဆန့်ကျင်သည့် လုပ်ရပ်များပြုလုပ်သည့်ပုဂ္ဂိုလ်၊ အသင်းနှင့် လူထုဖျော်ဖြေရေးအဖွဲ့တို့အား ပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါတယ်။ တည်ဆဲဥပဒေတစ်ရပ်ရပ် အာဏာသက်ရောက်မှုကို သုံးသပ်ရာတွင် ဥပဒေတစ်ရပ်ရပ်ပါ စကားရပ်၏အနက်အဓိပ္ပာယ်ကို ကောက်ယူရာတွင် အခြေပြုခံထားရသည့် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေဖြင့် စံပြုသုံးသပ်ရမှာ ဖြစ်ပါတယ်။ ယင်းဥပဒေနိဒါန်းတွင် ဥပဒေစကားရပ်များ၏အဓိပ္ပာယ်ကို ရှင်းလင်းညီညွတ်စွာ ဖွင့်ဆိုရန်ပြဋ္ဌာန်းထားပြီး ပုဒ်မ ၂ ပုဒ်မခွဲ(က)တွင် ယင်းဥပဒေသည် ယင်းဥပဒေအာဏာမတည်မီက ပြဋ္ဌာန်းထားသည့်အက်ဥပဒေများ

နှင့်လည်း သက်ဆိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကာကွယ်စောင့်ရှောက် ရေးအက်ဥပဒေပါစကားရပ်နှင့် အာဏာသက်ရောက်မှုကို ယင်းတည်ဆဲ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို အခြေပြု၍ သုံးသပ်ရပါသည်။ (ဂ) ယင်းဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)တွင် အခြေခံဥပဒေဆိုသောစကားရပ်သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆိုလိုသည်ဟု ပြဋ္ဌာန်းထားပါသည်။ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေသည် ခေတ်အဆက်ဆက်တွင် ရုပ်သိမ်းခြင်းမပြုဘဲ ယနေ့အထိ ရှင်သန်လျက်ရှိသည့် တည်ဆဲဥပဒေတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် ယင်းဥပဒေသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဟုလည်းကောင်း အခေါ် အဝေါ်ပြောင်းလဲစေကာမူ ခေတ်ကာလအလိုက် အာဏာတည်နေသော Constitution ကို ကာကွယ် စောင့်ရှောက်ရန်ဟု သုံးသပ်ပါသည်။ (ဃ) ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကာကွယ် စောင့်ရှောက်ရေးအက်ဥပဒေသည် ၁၉၄၇ ခုနှစ်မှ ၁၉၆၇ ခုနှစ်ထိတွင် ယင်းကာလ၌ အာဏာ တည်သော ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၁၉၄၇ ခုနှစ်ကို ကာကွယ် စောင့်ရှောက်ရမည်ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ အာဏာတည်သော ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ်ကို ကာကွယ်စောင့်ရှောက် ရမှာလည်းဖြစ်ပါတယ်။

ယခုအခါတွင် ယနေ့အာဏာတည်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ကို ကာကွယ်စောင့်ရှောက်ရမှာလည်း ဖြစ်ပါတယ်။ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေကို ရုပ်သိမ်းမည်ဆိုပါက ယနေ့ အာဏာတည်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေအား ဥပဒေကာကွယ်စောင့်ရှောက်မှု ကင်းမဲ့သွားမည် ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကာကွယ် စောင့်ရှောက်ရေးဥပဒေသည် ခေတ်အဆက်ဆက်ရှင်သန်နေသည့် ဥပဒေတစ်ရပ်လည်း ဖြစ်ပါတယ်။ အနာဂတ်တွင်လည်း မလွဲမသွေဆက်လက်တည်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့် ရှောက်ပေးနေမည့် အက်ဥပဒေလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေး ဥပဒေအား ခေတ်ကာလနှင့်လျော်ညီသော ဥပဒေစကားရပ်များဖြင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း

ပြုလုပ်၍ ပြည်သူ့လွှတ်တော်သို့ ဥပဒေကြမ်း တင်သွင်းအတည်ပြုမှသာ ရုပ်သိမ်းသင့်ကြောင်း သုံးသပ်ရရှိခဲ့ပါတယ်။ ကျွန်တော်တို့ ၁၀-၆-၂၀၁၄ ရက်နေ့ ၁၃ နာရီ ၃၀ မိနစ်မှာလည်း တစ်ကြိမ် အစည်းအဝေး ထပ်မံခေါ်ယူပြီးတဲ့အခါမှာ ကျွန်တော်တို့ ကော်မတီဝင်များ၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဥပဒေကြမ်းကော်မတီဝင် ဦးစိုးရယ်၊ ဦးစတီဖန်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်ထွန်း၊ ဦးဝင်းမြင့်တို့နှင့် ဥပဒေကြမ်း တင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တို့ တက်ရောက်ခဲ့ပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ ဆွေးနွေးတဲ့အခါမှာ ဥပဒေကြမ်းတင်သွင်းသူ ဦးသိန်းညွန့်မှလည်း ဒါတွေပြင်ဆင်ပြီး မှသာလျှင် ကျွန်တော်တို့ ရုပ်သိမ်းသင့်ကြောင်းကို သဘောတူတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေကို ရုပ်သိမ်း သည့်ဥပဒေနှင့် တင်သွင်းသူ သယံဇာတနှင့်ကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် နှင့် ဆွေးနွေးချက်အရ ဆက်လက်ဆောင်ရွက်ခွင့်ပြုရန်မလိုဘဲ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေအားခေတ်ကာလနှင့် လျော်ညီကိုက်ညီသော ဥပဒေစကားရပ်များဖြင့် ပြင်ဆင်ဖြည့်စွက်ပြီး ဥပဒေကြမ်းအား အမြန်ဆုံးလွှတ်တော်သို့ တင်ပြ သင့်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**သူရဦးရွှေမန်း၊ ဇေယျာသီရိမဲဆန္ဒနယ်က ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေကို ရုပ်သိမ်းနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို လွှတ်တော်သို့ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရမှ အမြန်ဆုံးတင်သွင်းရန် တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**သူရဦးရွှေမန်း(ဇေယျာသီရိမဲဆန္ဒနယ်)**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈၊ ဒီဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေတစ်ရပ် မလွဲမသွေလိုအပ်ကြောင်း သက်ဆိုင်သည့်ပုဂ္ဂိုလ်များ ဆွေးနွေးတင်ပြသွားတာဖြစ်ပါတယ်။ ဒီဥပဒေ ပြဋ္ဌာန်းပြီးမှသာလျှင် ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်တဲ့ အက်ဥပဒေကို ရုပ်သိမ်းနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုရှင်နဲ့ ပြည်သူ့လွှတ်တော်မှာဖွဲ့စည်းထားတဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီတို့ရဲ့

ဆွေးနွေးချက်ပေါ်မူတည်ပြီးတော့ ဇေယျာသီရိမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ကျွန်တော့်အနေနဲ့ လွှတ်တော်ကို အဆိုပြုတင်ပြသွားလိုပါတယ်။ ကျွန်တော်တင်ပြလိုတဲ့ အဆိုပြုချက်ကတော့ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေကို ရုပ်သိမ်းနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို လွှတ်တော်သို့ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအား အမြန်ဆုံးတင်သွင်းရန် တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ဒီအဆိုကို ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌကနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များကို သဘောထားဆန္ဒခံယူသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဇေယျာသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တင်ပြတဲ့အဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များဟာ ပြည်သူများရဲ့ဆန္ဒ၊ ပြည်သူများရဲ့သဘောထားကို လေးစားလိုက်နာပြီး မိမိတို့ရဲ့တာဝန်ရှိတာနှင့်အညီ သက်ဆိုင်ရာလွှတ်တော်များမှတစ်ဆင့် ဆောင်ရွက်သွားဖို့လိုပါတယ်။ ဒီနေ့ကျွန်တော်တို့နိုင်ငံဟာ ပါတီစုံဒီမိုကရေစီနဲ့ ဈေးကွက်စီးပွာရေးစနစ်ကို ထူထောင်ပြီး နိုင်ငံတိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ဖို့ ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေတဲ့အချိန်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုအဆိုပြုပြောကြားနေတဲ့ ပါတီစုံဒီမိုကရေစီနဲ့ဈေးကွက်စီးပွားရေးစနစ်တစ်ကယ့်ကို အောင်မြင်အောင်ဆိုလို့ရှိရင် ပြည်သူ့ကိုယ်စားတာဝန်ယူထားတဲ့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များမှာ တာဝန်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီနိုင်ငံရေးအသိ၊ နိုင်ငံရေးသတိများရှိပြီးတဲ့အခါမှာ တကယ် ကျွန်တော်တို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးစနစ်တည်ဆောက်နိုင်ဖို့အတွက် ကျွန်တော်တို့မှာတာဝန်ရှိတယ်ဆိုလို့ရှိရင် ဒီတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ဖို့အမြဲ ကျွန်တော်တို့ သတိပြုဆောင်ရွက်ဖို့လိုပါတယ်။ ဒီအတိုင်းပဲ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့တစ်တွေဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးများအတွက် ဒီလိုဆောင်ရွက်တဲ့အတွက် တကယ်လိုအပ်တဲ့အချိန်မှာ သတိရှိရှိ၊ ရဲရဲဝံ့ဝံ့ ဆောင်ရွက်ဖို့လိုပါတယ်။ ဘာပဲလုပ်လုပ် အပြောတစ်ခုတည်းနဲ့မရပါဘူး။ အတွေးရယ်၊ အပြောရယ်၊ အလုပ်ရယ် ညီညွတ်ဖို့

လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရည်မှန်းထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ဖော်ပြထားတဲ့ ပါတီစုံဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးစနစ် အောင်မြင်စွာတည်ဆောက်ဖို့ဆိုရင် ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များမှာ တာဝန်ရှိတယ်ဆိုတဲ့အသိနဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြပါ။ ဒီလို ဆောင်ရွက်ပေးတဲ့နေရာမှာလည်း မည်သည့်အခက်အခဲများတွေ့ကြုံစေကာမူ မိမိတို့အောင်မြင်အောင်ဆောင်ရွက်ဖို့ သတ္တိတွေမွေးဖို့၊ ရဲဝံ့စွာဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း ဒီနေ့ အဆိုပြုတင်ပြချက်ပေါ် မူတည်ပြီးတော့ ဆက်စပ်ဆွေးနွေးတင်ပြလိုက်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၇)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်နေ့ (သောကြာနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁ း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ ကို ၁၁ း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**